# ပြုပြင်ပြောင်းလဲရန် မေ့မထားသင့်သည့် မြန်မာ့တရားစီရင်ရေးနယ်ပယ်

သတင်းရင်းမြစ် >
ဗုဒ္ဓဟူးနေ့၊ အောက်တိုဘာလ ၂၃ ရက် ၂၀၁၃ ခုနှစ် ၀၉ နာရီ ၀၀ မိနစ်

ရခိုင်ပြည်နယ် တရားလွှတ်တော်တရားသူကြီး ရာထူးမှနုတ်ထွက်ခြင်း၊ ၁၉၈၉ ခုနှစ်အတွင်းက သန်လျင် ရေနံချက် စက်ရုံ ဗုံးဖောက်ခွဲမှုအတွက်အပြစ်ရှိသည်ဟု စွပ်စွဲကာသေဒဏ်ပေးခြင်းတွင် ထိုစဉ်က စစ်ထောက်လှမ်းရေး၏ လုပ်ဆောင်ချက်မဟုတ်ဟု ထောက်လှမ်းရေးအကြီးအကဲဟောင်းက ထုတ်ဖော်ပြောဆိုသည်ဟုဆိုသော မြန်မာ့တရား စီရင်ရေးနယ်ပယ်မှ သတင်းများကိုယခုရက်ပိုင်းအတွင်း ကြားသိလာ နေရသည်။

ဤသတင်းများသည် ကောင်းသတင်းများဟု မဆိုနိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီး ဒေါ်စီစီသည် "လာဘ်ယူ၍ အာဏာအလွဲသုံးသည်" ဟု ဖော်ထုတ်ခံခဲ့ရသူဖြစ်သည်။

ဒေါ်စီစီသည် အာဏာကိုအကာအကွယ်ပြုကာ လာဘ်ယူသည်ဟု မဖွဲ့မကမဆိုလိုပါ။ သို့သော် ထိုသို့ ဖော်ထုတ်ခံ ရသူတစ်ဦး ရာထူးမှနုတ်ထွက်သွားခြင်းသည် ထူးခြားချက်တစ်ခုဟု ရှုမြင်ပါသည်။ ဒေါ်စီစီနှင့် ပတ်သက်၍
အောက်တိုဘာ ၂၂ ရက် သမ္မတရုံး၏ ထုတ်ပြန်ချက်တွင်လည်း ပုဒ်မ ၃၁၂၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စု တရားစီရင်ရေး ဥပဒေပုဒ်မ ၄၉၊ ပုဒ်မခွဲ(က) တို့အရ ဆန္ဒအလျောက်ရာထူးမှ နုတ်ထွက်သွားခြင်းဟု ဆိုထားသည်။ မည်သို့ပင်ဆိုစေဤဖြစ်ရပ်သည် တရားစီရင်ရေးနယ်ပယ်၏ သတိပြုဖွယ် အချက်တစ်ချက်ဟုတော့ဆိုရမည်ဖြစ်သည်။

အထက်တွင်တင်ပြခဲ့သော အခြားဖြစ်ရပ်ကို ကြည့်မည်ဆိုပါက သန်လျင်ဗုံးဖောက်ခွဲမှုအတွက် သံသယရှိခြင်းခံရသူ ကိုညီညီဦးကို ပြစ်ဒဏ်ပေးခြင်းအတွက်ထောက်လှမ်းရေးအကြီးအကဲဟောင်း ဦးခင်ညွန့်က သူ့အဖွဲ့က လုပ်ဆောင်ခြင်း မဟုတ်ဟု ဆိုပြန်သည်။

ဆိုခဲ့ပြီးသော ဥပမာများကြောင့် မြန်မာ့တရားစီရင်ရေးသည် သန့်ရှင်းသောတရားစီရင်ရေး၊ လွတ်လပ်သည့် တရား စီရင်ရေးဖြစ်သည်ဟု ယုံကြည်၍မရနိုင်ပါ။ အလားတူ တရားရုံးသည် အာဏာပိုင်အဖွဲ့အစည်းများ၏ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေလွှမ်းမိုးမှု၊ ခြိမ်းခြောက်မှုများ၊ ဖိအားပေးဝင်ရောက်စွက်ဖက်မှုများကင်းဝေးပြီး ဥပဒေများအတိုင်း အတိအကျလိုက်နာဆောင်ရွက်ရန် လွတ်လပ်စွာ ဆုံးဖြတ်နိုင်ရမည်ဖြစ်သည်။ တရားရုံးသည် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး အာဏာပိုင်တို့နှင့်လွတ်ကင်းပြီး လွတ်လပ်စွာ သီးခြား ရပ်တည်နိုင်မည့် တရားရုံးဖြစ်ရန်လည်း လိုအပ်ပေလိမ့်မည်။

များမြောင်လှစွာသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ ပြုလုပ်လာခဲ့ပြီးဖြစ်ရာ မြန်မာ့တရားစီရင်ရေး အခန်းကဏ္ဍကို လည်း တရားရေးဝန်ထမ်းများ၏ အရည်အသွေးမြှင့်တင်ခြင်းနှင့်အတူ ပြည်သူလူထု အားကိုးယုံကြည်ရသော တရားရုံးများဖြစ်ပေါ်လာရန် ကြိုးပမ်းဆောင်ရွက်ရန်လိုပါလိမ့်မည်။ သို့မဟုတ် ပါကတရားဥပဒေစိုးမိုးရေးအပေါ်တွင် လည်း မလိုလားအပ်သည့် အခြားလွှမ်းမိုးမှုများသက်ရောက်လာနိုင်သည်။